## TMH Telecom Public Company Limited ၏
## ၂၀၂၂ခုနှစ် မတ်လ ၃၁ရက်နေ့တွင် ကုန်ဆုံးသည့်(၂၀၂၁-၂၀၂၂)ခုနှစ် ဘဏ္ဍာနှစ် (Mini Budget Year) အပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်ကို ထုတ်ပြန်ကြေငြာခြင်း

အောက်ဖော်ပြပါ သုံးသပ်ချက်များသည် **TMH Telecom Public Company Limited** ၏ ၂၀၂၂ခုနှစ် မတ်လ ၃၁ရက်နေ့တွင် ကုန်ဆုံးသည့်(၂၀၂၁-၂၀၂၂)ခုနှစ် ဘဏ္ဍာနှစ် (Mini-budget year) အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေး ရှင်းတမ်းပေါင်းချုပ်ကို အခြေခံထားသော သုံးသပ်ထုတ်ပြန်ချက် ဖြစ်သဖြင့် ထိုဘဏ္ဍာရေးရှင်းတမ်းများနှင့်အတူ ယှဉ်တွဲ၍ ဖတ်ရှုနိုင်ပါသည်။ ငွေကြေးဖော်ပြချက်အားလုံးကို မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်အား ဧပြီလ (၁) ရက်နေ့မှ မတ်လ (၃၁) ရက်နေ့သို့ အသစ်ပြုပြင်ပြောင်းလဲသတ်မှတ်ခြင်းကြောင့် ကုမ္ပဏီ၏ ဘဏ္ဍာနှစ်ကိုလည်း ၂၀၂၁ခုနှစ် ၊ အောက်တိုဘာလ ၁ရက်နေ့မှ ၂၀၂၂ခုနှစ်၊ မတ်လ (၃၁) ရက်နေ့အထိ ဖြလတာ ကာလကို (၂၀၂၁-၂၀၂၂) ဘဏ္ဍာနှစ် (Mini-budget year)အဖြစ် သတ်မှတ်ခဲ့ပါသည်။ ထို့ကြောင့် ဘဏ္ဍာရေးနှစ် (၂)ခု၏ ရလဒ်များကို နှိုင်းယှဉ် ရာတွင် သတိပြုရန် လိုအပ်ပါသည်။

**အနှစ်ချုပ်တင်ပြချက်များ**

**ကုမ္ပဏီ၏ ဝင်ငွေရှင်းတမ်း အကျဉ်းချုပ်ဖော်ပြချက်(ကျပ်ထောင်ပေါင်း)**

| | FY 2021-2022(Mini) Oct 2021 to Mar 2022 (Ks'000) | HY (2020-21) Oct 2020 to Mar 2021 (Ks'000) | %Change |
|---|---|---|---|
| **Revenue** | 2,698,003 | 1,570,588 | 72% |
| Cost of Goods Sold | (1,755,515) | (903,276) | 94% |
| **Gross Profit** | 942,488 | 667,312 | 41% |
| **Other Income** | 214,355 | 87,647 | 145% |
| Administration Expenses | (1,259,871) | (838,060) | 50% |
| Profit/ (Loss) before Tax | (103,028) | (83,101) | 24% |
| **Other Comprehensive Income for the Year** | | | |
| Fair value adjustment of Investments | (8,085) | (8,085) | |
| **Total Comprehensive Income for the Year** | (111,113) | (91,186) | 22% |

**Address : No. 54, Eastern Business Centre,Level 5, Lay Daung Kan Road, Thingangyun T/S, Yangon, Myanmar**
**Phone : +951 8550348, +951 8550936**
**Website: www.tmhtelecom.com**

၂၀၂၂ခုနှစ် မတ်လ ၃၁ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ၏ ဝင်ငွေသည် ကျပ်ငွေ (၂.၆)ဘီလီယံ ရရှိခဲ့ပြီး ၂၀၂၁ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းနှင့် နှိုင်းယှဉ်ပါက ၇၂ ရာခိုင်နှုန်းအထိ သိသာထင်းရှားစွာ တိုးမြင့်ရရှိခဲ့ပါသည်။

အောက်ဖော်ပြပါ ဇယားတွင် (၂၀၂၁-၂၀၂၂) ဘဏ္ဍာနှစ်ရှိ ဝင်ငွေများကို ခွဲခြမ်းစိတ်ဖြာ၍ ဖော်ပြထားပါသည်။

| | FY 2021-2022<br>Oct 2021 to Mar 2022<br>(Ks'000) | HY (2020-21)<br>Oct 2020 to Mar 2021<br>(Ks'000) |
|---|---|---|
| **IFM Project** | 944,419 | 948,872 |
| **Fiber Project** | 18,735 | |
| **Mobile Project** | 336,067 | 305,818 |
| **Other Project** | 1,398,782 | 315,898 |
| | 2,698,003 | 1,570,588 |

ကုမ္ပဏီ၏ လုပ်ငန်းသုံးအသုံးစရိတ်သည် (၂၀၂၀-၂၀၂၁) ဘဏ္ဍာနှစ်၏ နှစ်ဝက် ဘဏ္ဍာရေးရှင်းတမ်းနှင့်နှိုင်းယှဉ်ပါက ကျပ်ငွေ ၀.၉ဘီလီယံမှ (၂၀၂၁-၂၀၂၂) ဘဏ္ဍာနှစ်တွင် ကျပ်ငွေ ၁.၇ ဘီလီယံ သို့ တိုးလာခဲ့သော်လည်း ကုမ္ပဏီ၏ အကြမ်းအမြတ်ရရှိမှုသည် (၂၀၂၀-၂၀၂၁) နှစ်ဝက်ဘဏ္ဍာနှစ် နှင့် နှိုင်းယှဉ်ပါက ၄၁ ရာခိုင်နှုန်း တိုးလာခဲ့ပြီး ကျပ်ငွေ ၀.၆ဘီလီယံမှ ၀.၉ ဘီလီယံသို့ တိုးတက်ရရှိခဲ့ပါသည်။ မိုဘိုင်း စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရရှိလာသည့် DTR cash deposit ကြောင့် ကုမ္ပဏီ၏ အခြားဝင်ငွေသည် ကျပ်ငွေ (၀.၂) ဘီလီယံသို့ တိုးလာခဲ့ပါသည်။ ကုမ္ပဏီ၏ လုပ်ငန်းသုံး ပုံသေကုန်ကျစရိတ် တိုးလာခြင်းနှင့် ငွေကြေး အတက်အကျ၏ သက်ရောက်မှုများကြောင့် ကုမ္ပဏီသည် (၂၀၂၀-၂၀၂၁) နှစ်ဝက် ဘဏ္ဍာနှစ်တွင် အရှုံး ကျပ်ငွေ (၀.၀၈) ဘီလီယံရှိခဲ့ရာမှ (၂၀၂၁-၂၀၂၂) ဘဏ္ဍာနှစ်တွင် အရှုံး ကျပ်ငွေ ၀.၁ ဘီလီယံ ဖြစ်ပေါ်ခဲ့ပါသည်။

Available-for-sale ရင်းနှီးမြှုပ်နှံမှုများ၏ တန်ဖိုးကို ပြန်လည်သတ်မှတ်ရာတွင် ကုမ္ပဏီမှ First Myanmar Investment Co., Ltd (FMI)မှ ဝယ်ယူထားသော အစုရှယ်ယာများကို ယခု(၂၀၂၁-၂၀၂၂) ဘဏ္ဍာရေးနှစ်၏ စာရင်းပိတ်သိမ်းချိန်တွင်ရှိ အစုရှယ်ယာဈေးကွက်တွင် ဖော်ပြထားသည့် ဈေးနှုန်းနှင့်အညီ တန်ဖိုး ပြန်လည် သတ်မှတ်ထားခြင်း ဖြစ်ပါသည်။

ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်းအကျဉ်းချုပ်ဖော်ပြချက် (ကျပ်ထောင်ပေါင်း)

| | 31st March,2022 Ks'000 | 31st March,2021 Ks'000 | % of Change |
|---|---|---|---|
| **Assets** | | | |
| Non-Current Assets | 3,034,707 | 3,797,754 | -20% |
| Current Assets | 13,174,543 | 12,592,927 | 5% |
| **Total Assets** | 16,209,250 | 16,390,681 | -1% |
| Equity and liabilities | | | |
| Equity | 14,017,482 | 15,265,895 | -8% |
| Current Liabilities | 2,191,768 | 1,124,785 | 95% |
| **Total Equity and liabilities** | 16,209,250 | 16,390,681 | -1% |

လက်ငင်းရပိုင်ခွင့်သည် (၂၀၂၀-၂၀၂၁) နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းနှင့်နှိုင်းယှဉ်ပါက ၅ ရာခိုင်နှုန်း တိုးလာခဲ့ပြီး ကျပ်ငွေ ၁၂.၅ ဘီလီယံမှ ကျပ်ငွေ ၁၃.၁ ဘီလီယံ အထိ တိုးလာခဲ့ပါသည်။ ထိုသို့ ဖြစ်ပေါ်ရခြင်း၏ အကြောင်းရင်းမှာ လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ကန်ထရိုက်တာများထံသို့ ကြိုတင်ပေးချေထားသော ငွေများကြောင့် ဖြစ်ပါသည်။ လက်ငင်းမဟုတ်သော ရပိုင်ခွင့်သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၏ နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းနှင့် နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်း ကျဆင်းခဲ့ရပြီး ထိုသို့ ဖြစ်ပေါ်ရခြင်း၏ အကြောင်းရင်းမှာ ကုမ္ပဏီ၏ အစုစပ်ကုမ္ပဏီတစ်ခု ဖြစ်သော Myanmar GT Broadband Co., Ltd မှ အရှုံးအမြတ်ကို အစုစပ်ခွဲဝေမှု အချိုးအစားအတိုင်း ထည့်ဝင်ထားမှု ကြောင့် ဖြစ်ပါသည်။

ပေးဆောင်ရန် ကျန်ရှိသော အခွန်အခများနှင့် စီမံကိန်းလုပ်ငန်း ပြီးစီးသည့်အချိန်တွင် ဝင်ငွေ အဖြစ်ပြောင်းလဲစာရင်းရေးသွင်းရမည့် ကြိုတင်ရငွေများကြောင့် လက်ငင်းပေးရန်တာဝန်သည် ၂၀၂၀-၂၀၂၁ နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းနှင့်နှိုင်းယှဉ်ပါက ကျပ်ငွေ ၁.၁ ဘီလီယံမှ ၂၀၂၁-၂၀၂၂ ခုနှစ် ဘဏ္ဍာနှစ်တွင် ကျပ်ငွေ ၂.၁ ဘီလီယံ တိုးလာခဲ့သည်။

**သုံးသပ်ချက်နှင့်အလားအလာ**

TMH ကုမ္ပဏီ၏ စီမံခန့်ခွဲရေးအဖွဲ့သည် ကုမ္ပဏီနှင့် သက်ဆိုင်သူအားလုံးနှင့် အနီးကပ်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိပြီး ကုမ္ပဏီ၏ ရေရှည်တည်တံ့မှုကို ကာကွယ်ရန် စိန်ခေါ်မှုကြီးမားသည့်

စီးပွားရေးရပ်ဝန်းတွင် ပြောင်းလဲမှုများအားလုံးကို စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။ စီမံခန့်ခွဲမှုအဖွဲ့သည် ဆုံးရှုံးနိုင်ခြေရှိသော အခြေအနေအရပ်ရပ်ကို စောင့်ကြည့်အကဲဖြတ်လျက်ရှိပြီး ပြောင်းလဲနေသော စီးပွားရေးရပ်ဝန်းမှ အခွင့်အလမ်းများကို ဆုပ်ကိုင်ရန် မဟာဗျူဟာချမှတ်၍ ဆောင်ရွက် လျက်ရှိပါသည်။ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ဤနည်းဗျူဟာသည် ကုမ္ပဏီ၏ အနာဂတ်တွင် သက်ဆိုင်သူ အစုရှယ်ယာရှင်များ အားလုံး၏ အကျိုးစီးပွားကို အတတ်နိုင်ဆုံး အကာအကွယ်ပေးနိုင်မည်ဟု ယုံကြည်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

သီဟလွင်

အုပ်ချုပ်မှုဒါရိုက်တာ

၂၀၂၂ခုနှစ် ၊ ဇွန်လ (၃၀)ရက်။

**Address : No. 54, Eastern Business Centre,Level 5, Lay Daung Kan Road, Thingangyun T/S, Yangon, Myanmar**
**Phone : +951 8550348, +951 8550936**
**Website: www.tmhtelecom.com**